Message Eight

# ခရစ်တော်သည် တဲတော်များပွဲနှင့် ယုံကြည်သူများထဲက အသက်ရှင်သောရေ၏ မြစ်များအဖြစ် စီးထွက်သော ဝိညာဉ်တော်ဖြစ်ခြင်း

ဖတ်ရန်ကျမ်း။ ။ ယော၊၇း၂၊ ၃၇-၃၉။ ဝတ်၊၂၃း၃၉-၄၃

## I. ကျွန်ုပ်တို့သည် ခရစ်တော်ကို တဲတော်များပွဲအဖြစ် မွေ့လျော်ဝမ်းမြောက်နိုင်သည် - ယော၊၇း၂။ ဝတ်၊၂၃း၃၉-၄၃။

A. ပသခါပွဲတော်သည် ခရစ်တော်အား ဘုရားသခင်၏ တရားရေးဆိုင်ရာ ရွေးနုတ်ခြင်း အစပြုခြင်းအဖြစ် ပုံဆောင်ပြီး၊ တဲတော်များပွဲတော်သည် ခရစ်တော်ကို ဘုရားသခင်၏ ပြည့်စုံသော အသက်ဆိုင်ရာ ကယ်တင်ခြင်း ပြီးမြောက်ပြည့်စုံခြင်းအဖြစ် ပုံဆောင်သည် - ယော၊၆း၄။ ၇း၂။ ဝတ်၊၂၃း၅၊ ၃၄။

B. ဘုရားသခင်သည် တဲတော်များပွဲတော်ကို စီမံထားခဲ့သည်၊ သို့မှသာ အစ္စရေးအမျိုးသားတို့သည် သူတို့၏ဘိုးဘေးများမှာ ကန္တာရတော၌ လှည့်လည်သွားလာရာတွင် တဲများ (တဲတော်များ) ၌ မည်သို့ ရှင်သန်နေထိုင်ခဲ့ကြကြောင်း အောက်မေ့နိုင်ကြမည်ဖြစ်သည်။ တဲတော်များပွဲတော်ဟူသော ခေါင်းစဉ်မှ *တဲတော်များ* ဟူသောစကားလုံးသည် အောက်မေ့သတိရခြင်း ခံယူချက်ကို ရည်ညွှန်းသည် - တရား၊၁၆း၁၃-၁၅။

C. ဘုရားသခင်ကို ကိုးကွယ်ရန် ဤပွဲတော်သို့ သူတို့အတူတကွ လာရောက်ခြင်းနှင့် ကောင်းသောမြေမှ သူတို့၏ထုတ်ကုန်ကို မွေ့လျော်ဝမ်းမြောက်ရန် လာကြခြင်းမှာ ပေါင်းစည်းခြင်း၏ စစ်မှန်သော ရုပ်ပုံကားချပ်ဖြစ်သည်။

D. တဲတော်များပွဲတော်၏ စစ်မှန်ခြင်းသည် ကျွန်ုပ်တို့က ဘုရားသခင်ကို မည်သို့မွေ့လျော်ဝမ်းမြောက်ခဲ့ကြောင်း၊ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ မည်သို့ အသက်ရှင်ခဲ့ကြောင်း အောက်မေ့သတိရခြင်း မွေ့လျော်ဝမ်းမြောက်သည့်အချိန်ကာလဖြစ်သည်။

E. ကောင်းသောမြေ၏ထုတ်ကုန်အဖြစ် ခရစ်တော်၏ ကြွယ်ဝခြင်းများကို မွေ့လျော်ဝမ်းမြောက်ရန် ပေါင်းစည်းခြင်းအတွက် ကျွန်ုပ်တို့အတူတကွ စုပေါင်းလာရောက်ကြခြင်း၌ တဲတော်များပွဲအဖြစ် ယနေ့ ခရစ်တော်ကို ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်ကြခြင်းမှာ ကျွန်ုပ်တို့သည် ကန္တာရတော၌ ရှိနေကြဆဲဖြစ်ကြောင်း၊ ထာဝရတဲတော်ဖြစ်သည့် ယေရုရှလင်မြို့သစ်၏ နားခိုခြင်းအထဲသို့ ဝင်ရောက်ရန် လိုအပ်နေကြောင်း ကျွန်ုပ်တို့အား သတိပေးနေသည် - ဗျာ၊၂၁း၂-၃။

F. ယေရုရှလင်မြို့သစ်ကို ဘုရားသခင်၏တဲတော်ဟု ခေါ်ဆိုရခြင်းမှာ ယေရုရှလင်မြို့သစ်၏ ပထမအဆင့်၌ အောင်မြင်သောသူများက သူတို့သည်လည်း တဲများ၌ မည်သို့ကိန်းဝပ်နေထိုင်ခဲ့ကြောင်း၊ မြေကြီးပေါ်မှာ ဧည့်သည်များနှင့် လှည့်လည်သွားနေသူများအဖြစ် အသက်ရှင်ကြလျက်၊ ထာဝရတဲတော်၊ ဘုရားသခင်တည်ဆောက်သော မြို့တော်၊ ဘုရားနှင့်လူ အပြန်အလှန်ကိန်းဝပ်တည်ရာသို့ ရှေ့ရှုမျှော်ကြည့်ခဲ့ကြကြောင်း အောက်မေ့စေရန်ဖြစ်သည် - ဟေဗြဲ၊၁၁း၉-၁၀၊ ၁၃။

1. ကျွန်ုပ်တို့သည် အာဗြဟံ၏ ယုံကြည်ခြင်းခြေလှမ်းများ၌ လျှောက်လှမ်းမည်ဆိုလျှင်၊ ယဇ်ပလ္လင်နှင့် တဲ၏အသက်တာကို အသက်ရှင်၍၊ ခရစ်တော်ကို ကျွန်ုပ်တို့၏အသက်၊ အသင်းတော်ကို ကျွန်ုပ်တို့၏အသက်ရှင်ခြင်းအဖြစ် ယူဆောင်ခြင်း ရှိရမည်ဖြစ်သည် - ရော၊၄း၁၂။ ဟေဗြဲ၊၁၁း၉။ က၊၁၂း၇-၈။ ၁၃း၃-၄၊ ၁၈။
   a. ယဇ်ပလ္လင်ကို တည်ဆောက်ခြင်းမှာ ကျွန်ုပ်တို့၏အသက်တာသည် ဘုရားသခင်အတွက်ဖြစ်ကြောင်း၊ ဘုရားသခင်သည် ကျွန်ုပ်တို့၏အသက်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့အသက်တာ၏အဓိပ္ပာယ်သည် ဘုရားသခင်ဖြစ်ကြောင်း ဆိုလိုသည် - ထွ၊၄၀း၆၊ ၂၉။ ဆာ၊၄၃း၄က။ ဝတ်၊၁း၃၊ ၉။
   b. အာဗြဟံသည် တဲ၌ ကိန်းဝပ်နေထိုင်ခြင်းမှာ သူသည် လောကနှင့်မဆိုင်ဘဲ၊ မြေကြီးပေါ်မှာ လှည့်လည်သွားလာသူအသက်တာကို အသက်ရှင်ခဲ့ကြောင်း သက်သေခံနေသည်။ တဲကို ထူထောင်ခြင်းမှာ ကျွန်ုပ်တို့သည် ဤလောကနှင့် မဆိုင်ဘဲ၊ ကျွန်ုပ်တို့သည် အခြားသော နိုင်ငံနှင့်သာဆိုင်ကြောင်း ထင်ရှားစေခြင်း၊ ထုတ်ဖော်ကြေညာခြင်းဖြစ်သည် - ဟေဗြဲ၊၁၁း၉-၁၀၊ ၁၅-၁၆။

2. အာဗြဟံ၏ ဆင်းသက်လာသူများစစ်စစ်အဖြစ် (ဂလ၊၃း၇) ကျွန်ုပ်တို့သည် မြေကြီးပေါ်မှာ လှည့်လည်သွားနေသူများ၊ သူပြခဲ့သည့်နည်းတူ ပြောင်းရွှေ့ခြင်းနှင့် ကျွန်ုပ်တို့၏တဲများကို ထူထောင်ခြင်း ရှိသင့်သည် (ဟေဗြဲ၊၁၁း၉၊ ၁၃။ ၁ပေ၊ ၂း၁၁)။
3. အာဗြဟံသည် သူ၏ပထမဆုံး ယဇ်ပလ္လင်ကို တည်ဆောက်ခဲ့ပြီးနောက် (က၊၁၂း၇)၊ သူသည် တစ်ခုနှစ်တစ်ခု ဆန့်ကျင်ရပ်တည်နေကြသည့် ဗေသလမြို့နှင့် အာဣမြို့ကြားမှာ ဒုတိယယဇ်ပလ္လင်ကို တည်ဆောက်ခဲ့သည် (အငယ်၊၈)။
    a. *ဗေသလ* သည် "ဘုရားသခင်၏အိမ်တော်"ဟု ဆိုလိုပြီး၊ *အာဣ* သည် "ပျက်စီးခြင်းအစုအပုံ"ဟု ဆိုလိုသည်။
    b. ခေါ်ခြင်းခံရသောသူများ၏ အမြင်၌ ဗေသလဟူသော အသင်းတော်အသက်တာသည်သာ အဖိုးထိုက်တန်လှသည်။ အခြားအရာခပ်သိမ်းမှာ ပျက်စီးခြင်းအစုအပုံသာ ဖြစ်သည်။
4. အာဗြဟံသည် သူ၏ရှုံးနိမ့်ခြင်းများ ရှိခဲ့ပြီး၊ ယဇ်ပလ္လင်နှင့်တဲကို စွန့်ခွာခဲ့ခြင်း ရှိခဲ့ပါသည်။ သို့သော်လည်း သူ၌ ပြန်လည်ရယူခြင်းရှိနေပြီး၊ ပြန်လည်ရယူခြင်းသည် ယဇ်ပလ္လင်နှင့် တဲထံသို့ သခင်ဘုရား၏နာမတော် ခေါ်ခြင်းနှင့်အတူ လှည့်ပြန်လာခြင်း အကြောင်းအရာ ဖြစ်သည် - အငယ်၊၉-၁၀။ ၁၃း၃-၄။ ရော၊၁၀း၁၂-၁၃။ ၁၂း၁-၂။
5. နောက်ဆုံးတွင် ဟေဗြုန်၌ အာဗြဟံ၏တဲသည် သူက ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ရာနေရာ၊ ဘုရားသခင်က သူနှင့်အတူ မိတ်သဟာယဖွဲ့ရာနေရာ ဖြစ်လာခဲ့သည် - က၊၁၃း၁၈။
6. အာဗြဟံ၏တဲနှင့် သူတည်ဆောက်သော ယဇ်ပလ္လင်မှာ အစ္စရေးအမျိုးသားတို့အားဖြင့် တည်ဆောက်သည့် ယဇ်ပလ္လင်နှင့်အတူ သက်သေခံချက် တဲတော်၏ ကြိုတင်ပုံဖော်ပြချက်ဖြစ်သည် - ထွ၊၃၈း၂၁။
7. ဧည့်သည်နှင့် လှည့်လည်သွားလာသူဖြစ်သော အာဗြဟံသည် "ဘုရားသခင် စီမံတည်ဆောက်တော်မူသော တိုက်မြစ်ရှိသော မြို့ကို စိတ်အားထက်သန်စွာ မျှော်လင့်သတည်း" - ဟေဗြဲ၊၁၁း၉-၁၀၊ ၁၂-၁၆။
8. အာဗြဟံ၏တဲသည် အဆုံးစွန်သောတဲ၊ ဘုရားသခင်၏ အဆုံးစွန်သော တဲတော်ဖြစ်သည့် ယေရုရှလင်မြို့သစ်၏ ပုံစံငယ်ဖြစ်သည် - က၊၉း၂၆-၂၇။ ၁၂း၈။ ၁၃း၃။ ၁၈း၁။ ဗျာ၊၂၁း၂-၃။
9. ကျွန်ုပ်တို့သည် အသင်းတော်အသက်တာ၏ "တဲ"၌ အသက်ရှင်နေကြစဉ်၊ ၎င်း၏အဆုံးစွန် ပြီးမြောက်ပြည့်စုံခြင်း - အဆုံးစွန်သော "စည်းဝေးရာတဲတော်"၊ ယေရုရှလင်မြို့သစ်ကို စောင့်ဆိုင်းလျက် ရှိနေကြသည် - ၁တိ၊၃း၁၅။ ဝတ်၊ ၁း၁။ ဟေဗြဲ၊၁၁း၁၀။

G. တဲတော်များပွဲတော်သည် ယေရုရှလင်မြို့သစ်ကို မွေ့လျော်ဝမ်းမြောက်ခြင်းဖြစ်ပြီး၊ ယင်းသည် ပထမဦးစွာ အောင်မြင်သောသူများအဖို့ ဆုလာဘ်အဖြစ် မိလေနီနိုင်ငံတော်၌ အဦးသီးများအဖြစ် ပြီးမြောက်ပြည့်စုံပြီး၊ ထိုနောက်တွင် နောက်ဆုံးအနေဖြင့် စုံလင်ခံရသော ယုံကြည်သူများအားလုံးအဖို့ ဘုရားသခင်၏ ပြည့်စုံသောကယ်တင်ခြင်းကို အပြည့်အဝ မွေ့လျော်ဝမ်းမြောက်ခြင်းအဖြစ် ကောင်းကင်သစ်နှင့် မြေကြီးသစ်၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည်။

**II. ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့်၊ ယင်း၌ နောက်ဆုံးသောအာဒံအဖြစ် ခရစ်တော်သည် အသက်ရှင်သောရေ၏ မြစ်များအဖြစ် စီးထွက်ခြင်းငှာ ကိုယ်တော်၏ယုံကြည်သူများထံ အသက်ကို ဖြည့်သွင်းပေးရန်နှင့် သူတို့အထဲသို့ ဝင်ရောက်ရန် အသက်ပေးသော ဝိညာဉ်တော် ဖြစ်လာခဲ့သည် - ယော၊၇း၃၇-၃၉။ ဗျာ၊၂၂း၆။ ၂၂း၁၇။**

A. အသက်ပေးသောဝိညာဉ်တော်သည် ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်၊ အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရား၏ ပြီးမြောက်ပြည့်စုံခြင်း ဖြစ်သည် - ၂ကော၊၃း၁၇-၁၈။ ဂလ၊၃း၁၄။ ဖိ၊၁း၁၉။
1. ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်သည် ကိုယ်တော်က လူ့ဇာတိခံခြင်း၊ လူသားအသက်ရှင်ခြင်း၊ ကားတိုင်မှာအသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း ဖြစ်စဉ်တို့ကို ဖြတ်ကျော်ခဲ့ပြီးနောက်ဖြစ်သော သုံးပါးတစ်ပါးဘုရား ဖြစ်သည် - ယော၊ ၇း၃၉။
    a. ဝိညာဉ်တော်ဖြစ်လာရန် သုံးပါးတစ်ပါးဘုရား ဖြတ်ကျော်ခဲ့သည့် ဖြစ်စဉ်အဆင့်ဆင့်သည် စီမံကိန်းဆိုင်ရာဖြစ်ပြီး၊ အနှစ်သာရဆိုင်ရာအကြောင်းအရာမဟုတ်ပါ - ၁း၁၄။ ဟေဗြဲ၊၉း၁၄။ ၁ကော၊၁၅း၄၅ခ။
    b. *အဆင့်ဆင့်ဖြတ်ကျော်ခြင်း* မှာ သုံးပါးတစ်ပါးဘုရားက ဘုရားဆိုင်ရာစီမံကိန်း၌ ဖြတ်ကျော်ခဲ့သည့် အဆင့်များကို ရည်ညွှန်းသည်။ *ပြီးမြောက်ပြည့်စုံခြင်း* မှာ ဖြစ်စဉ်အဆင့်ဆင့်သည် ပြီးပြည့်စုံခဲ့ပြီဖြစ်ကြောင်း ရည်ညွှန်းသည်။

*ပြီးမြောက်ပြည့်စုံသောဝိညာဉ်တော်*မှာ ဘုရားသခင်၏ဝိညာဉ်တော်သည် အဆင့်ဆင့်ဖြတ်ကျော်ခဲ့ပြီး၊ ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်ဖြစ်လာခဲ့ပြီဖြစ်ကြောင်း ရည်ညွှန်းသည် - ယော၊၇း၃၉။

2. သခင်ယေရှုသည် ကားတိုင်မှာအသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမရှိမီက ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်သည် "ဖြစ်တော်မမူသေး" ပါ - အငယ်၊၃၉။
   a. ဘုရားသခင်၏ဝိညာဉ်တော်သည် အစအဦးမှဖြစ်သော်လည်း (က၊၁း၂)၊ "ခရစ်တော်၏ဝိညာဉ်တော်"အဖြစ် ထိုဝိညာဉ်တော် (ရော၊၈း၉)၊ "ယေရှုခရစ်၏ ဝိညာဉ်တော်" (ဖိ၊၁း၁၉) သည် ယောဟန် ၇း၃၉ အချိန် မတိုင်မီက ဖြစ်တော်မမူသေးပေ၊ အကြောင်းမှာ သခင်ယရှုသည် ဘုန်းထင်ရှားခြင်း မရှိသေးသောကြောင့်ဖြစ်သည်။
   b. သခင်ယေရှုသည် ရှင်ပြန်ထမြောက်တော်မူသည့်အခါ ဘုန်းထင်ရှားတော်မူခဲ့ပြီး၊ ဤဘုန်းထင်ရှားခြင်းမှတစ်ဆင့် ဘုရားသခင်၏ဝိညာဉ်တော်သည် လူ့ဇာတိခံခဲ့သော၊ ကားတိုင်မှာအသေခံခဲ့သော၊ ရှင်ပြန်ထမြောက်ခဲ့သော ယေရှုခရစ်တော်၏ ဝိညာဉ်တော် ဖြစ်လာခဲ့သည် - လု၊၂၄း၂၆။ ဖိ၊၁း၁၉။
   c. အသွေးအသား၌ရှင်သော ခရစ်တော်ဖြစ်သည့် နောက်ဆုံးသောအာဒံသည် ရှင်ပြန်ထမြောက်ခြင်း၌ အသက်ပေးသောဝိညာဉ်တော် ဖြစ်လာခဲ့သည်။ ထိုနောက် ယေရှုခရစ်၏ ဝိညာဉ်တော်သည် ဘုရားဆိုင်ရာနှင့် လူသားဆိုင်ရာ ဒြပ်သဘာဝနှစ်ခုလုံးပါရှိလျက်၊ ခရစ်တော်၏ လူ့ဇာတိခံခြင်း၊ ကားတိုင်မှာအသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း၏စစ်မှန်ခြင်း ပါဝင်လေသည် - ၁ကော၊၁၅း၄၅ခ။ တ၊၁၆း၇။ ရော၊၈း၉။

3. ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၌ သားတော်အားဖြင့် တပည့်တော်များအထဲသို့ သန့်ရှင်းသောအသက်လေအဖြစ် မှုတ်သွင်းခံရသည် - ယော၊၂၀း၂၂။
   a. ယောဟန်ဧဝံဂေလိစာစောင်က ခရစ်တော်သည် ဘုရားသခင်၏သိုးသငယ်ဖြစ်ရန် အသွေးအသားဖြစ်လာခဲ့ပြီး၊ ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်သည် အသက်ပေးသော ဝိညာဉ်တော်ဖြစ်လာခဲ့ကြောင်း ဖွင့်ပြထားသည်။ သို့ဖြစ်၍ ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်သည် မိမိကိုယ်တော်တိုင်ကို တပည့်တော်များအထဲသို့ ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်အဖြစ် မှုတ်သွင်းတော်မူခဲ့သည် - ၁း၂၉။ ၂၀း၂၂။
   b. ဝိညာဉ်တော်အဖြစ် ကိုယ်တော်သည် တပည့်တော်များအထဲသို့ မှုတ်သွင်းတော်မူခဲ့ခြင်း ဖြစ်သည်။ ဝိညာဉ်တော်အဖြစ် ကိုယ်တော်သည် တပည့်တော်များ၌ အသက်ရှင်နိုင်ကာ၊ သူတို့ကို ကိုယ်တော်အားဖြင့်၊ ကိုယ်တော်နှင့်အတူ အသက်ရှင်ရန် တတ်စွမ်းစေပြီး၊ ကိုယ်တော်သည် သူတို့၌ ကိန်းဝပ်နိုင်၍၊ သူတို့ကို ကိုယ်တော်၌ ကိန်းဝပ်ခြင်းရှိစေနိုင်ခြင်း ဖြစ်သည် - အငယ်၊၂။ ၁၄း၁၉-၂၀။ ၁၅း၄-၅။
   c. တပည့်တော်များအထဲသို့ မိမိကိုယ်တော်တိုင် မှုတ်သွင်းခဲ့သော ခရစ်တော်သည် အသက်ပေးသောဝိညာဉ်တော်ဖြစ်သည် - ၁ကော၊၁၅း၄၅ခ။

B. အသက်ပေးသောဝိညာဉ်တော်သည် ပေါင်းစပ်ထားသောဝိညာဉ်တော်ဖြစ်ပြီး၊ ယင်းကို ပေါင်းစပ်ထားသော ဘိသိက်နံ့သာဆီနှင့်အတူ ၎င်း၏ပါဝင်သောအရာများအားဖြင့် ပုံဆောင်ထားသည် - ထွ၊၃၀း၂၃-၂၅။ ၁ယော၊၂း၂၀၊ ၂၇။
   1. သံလွင်ဆီသည် ဘုရားဇာတိနှင့်အတူ ဘုရားသခင်၏ဝိညာဉ်တော်ကို ပုံဆောင်သည်။
   2. မုရန်သည် ခရစ်တော်၏အသေခံခြင်း အဖိုးထိုက်တန်ခြင်းကို ပုံဆောင်သည်။
   3. သစ်ကြံပိုးသည် ခရစ်တော်အသေခံခြင်း၏ ချိုမြိန်ခြင်းနှင့် အကျိုးသက်ရောက်မှုကို ပုံဆောင်သည်။
   4. မွှေးသောကြံသည် ခရစ်တော်၏ အဖိုးထိုက်သော ရှင်ပြန်ထမြောက်ခြင်းကို ပုံဆောင်သည်။
   5. သစ်ကြံပိုးတစ်မျိုးသည် ခရစ်တော်ရှင်ပြန်ထမြောက်ခြင်း၏ တွန်းလှန်နိုင်သော တန်ခိုးကို ပုံဆောင်သည်။

C. အသက်ပေးသောဝိညာဉ်တော်သည် ယုံကြည်သူများ၏ ဇီဝတွင်းဖြစ်ပျက်မှုဆိုင်ရာ ပုံသဏ္ဌာန်ပြောင်းလဲခြင်းအတွက်နှင့် ခရစ်တော်၏ကိုယ်ခန္ဓာတော်၏ ကြီးထွားခြင်းနှင့် တည်ဆောက်ခြင်းအတွက် သခင်ဘုရားဝိညာဉ်တော်၊ နျူမက်တစ်ခရစ်တော် ဖြစ်သည် - ၂ကော၊၃း၁၇-၁၈။ ၁ကော၊၃း၆၊ ၉ခ၊ ၁၂က။ ဧ၊၄း၁၆ခ။

D. ပုံမှန်ခရစ်ယာန်အသက်တာသည် ကျွန်ုပ်တို့က ဝိညာဉ်တော်ကို သိကျွမ်းခြင်းနှင့် တွေ့ကြုံခံစားခြင်းအပေါ် မူတည်နေသည်။ ခရစ်တော်သည် အသက်ပေးသော ဝိညာဉ်တော်ဖြစ်ခြင်း မရှိဘဲလျက် ကျွန်ုပ်တို့သည် ကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင်၏ မည်သည့်အရာကိုမျှ တွေ့ကြုံခံစားနိုင်မည်မဟုတ်ပါ - ၁ယော၊၅း၆။ ယော၊၁၆း၁၃။ ၁ကော၊၁၅း၄၅ခ၊ ၂း၁၀။ ၆း၁၇။

© 2024 Living Stream Ministry